၂၀၂၅ ခုနှစ်၊ မတ်လ၊ ၃၀ ရက်နေ့

# သတင်းထုတ်ပြန်ကြေညာချက်

## မြန်မာနိုင်ငံရှိ ငလျင်ဒဏ်သင့် သက်ရှင်ကျန်ရစ်သူများနှင့် ထိခိုက်ခံစားရသည့် လူထုများအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးအတွက် အရပ်ဘက်လူထုအဖွဲ့အစည်းများတောင်းဆို

*အကူအညီပေးရေးအဖွဲ့အစည်းများအနေဖြင့် ကယ်ဆယ်ရေးအကူအညီများကို စစ်အုပ်စု၏ အမြတ်ထုတ်မှု မရှိစေရေး သေချာစွာ လုပ်ဆောင်ရမည်*

၂၀၂၅ ခုနှစ်၊ မတ်လ၊ ၂၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သော ငလျင်ကြောင့် ပျက်ဆီးဆုံးရှုံးမှု ကြီးမားစွာ ကြုံတွေ့ခံစားနေရသော ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတဝှမ်း ပြည်သူလူထုများအတွက် အလွန်ပင်ဝမ်းနည်း ကြေကွဲရပါကြောင်း အောက်တွင်လက်မှတ်ရေးထိုးထားသော မိမိတို့ မြန်မာ၊ ဒေသတွင်းနှင့် နိုင်ငံတကာ အရပ်ဘက်လူထုအဖွဲ့အစည်း ၂၆၅ ဖွဲ့တို့မှ ထုတ်ဖော်ပြသအပ်ပါသည်။ မြန်မာနိုင်ငံတွင် စစ်အုပ်စုမှ မြန်မာပြည်သူများအပေါ် အကြမ်းဖက်လုပ်ဆောင်မှုများ မြင့်တက်လာနေချိန်တွင် နောက်ထပ်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းတစ်ခုကို ရင်ဆိုင်နေရခြင်းဖြစ်ရာ နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် အရင်းအမြစ်များကို ချက်ခြင်းစုစည်းပြီး ငလျင်လှုပ်ခတ်မှု၏ဒဏ်ကြောင့် ထိခိုက်ခံစားရသော အသက်ရှင်ကျန်ရစ်သူများနှင့် လူမှုအသိုင်းအဝိုင်းများထံသို့ အရေးပေါ်အကူအညီများ တိုက်ရိုက်ပေးပို့ရမည်။ ထိုသို့လုပ်ဆောင်ရာတွင် အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government - NUG)၊ တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများ (Ethnic Resistance Organizations - EROs)၊ အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီး ဒေသခံလူထုအခြေပြု အဖွဲ့အစည်းများ နှင့် မြေပြင်ရှိကယ်ဆယ်ရေးလုပ်ဆောင်နေသူများမှတစ်ဆင့် ပေးပို့လုပ်ဆောင်ရမည်။ ထို့အပြင် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေး ကြိုးပမ်းလုပ်ဆောင်မှုများသည် မည်သည့်မိတ်ဖက်အဖွဲ့များ မှတစ်ဆင့် လုပ်ဆောင်သည်ဖြစ်စေ စစ်အုပ်စုမှ ၎င်း၏နိုင်ငံရေးနှင့် စစ်ရေးအရ အမြတ်ထုတ်ရန်အတွက် ခေါင်းပုံဖြတ်ခြင်း၊ ခြယ်လှယ်ခြင်း သို့မဟုတ် လက်နက်သဖွယ်အသုံးချခြင်းများ မရှိစေရေး သေချာစွာ ဆောင်ရွက်ရန် မိမိတို့မှ အလေးပေးတိုက်တွန်းလိုက်သည်။

ပြင်းအား ၇.၇ ရှိပြီး ဆယ်စုနှစ်ခုနှစ်ခုနီးပါးအတွင်း ဒေသတွင်း၌ဖြစ်ပေါ်သော အဆိုးရွားဆုံး ပျက်စီးဆုံးရှုံးမှုများကို ဖြစ်ပေါ်စေခဲ့သည့် သောကြာနေ့က လှုပ်ခတ်သွားခဲ့သောငလျင်သည် လူပေါင်း ၂,၅၀၀ ကျော်သေဆုံး[1]စေခဲ့ပြီး မြန်မာနိုင်ငံတစ်ဝှမ်းရှိ လူမှုအသိုင်းအဝိုင်းများအတွက် များစွာသော ပျက်စီးဆုံးရှုံးမှု များကို ဖြစ်ပေါ်စေခဲ့သည့်အပြင် နေအိမ်များနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများ ပျက်စီးသွားခဲ့ပြီး သောင်းနှင့်ချီသော လူ့အသက်များကိုလည်း ဘေးအန္တရာယ်ကျရောက်စေခဲ့သည်။ လမ်းများနှင့် တံတားများ ပြိုပျက်ကာ ဆေးရုံများသည်လည်း ပြည့်လျှံနေသည်သာမက နောက်ဆက်တွဲလှုပ်ခတ်မှုများကြောင့် ပျက်စီးမှုများ ထပ်မံဖြစ်လာနိုင်မည်ကို စိုးရိမ်နေကြရသဖြင့် ချက်ချင်းနှင့် ပိတ်ပင်တားဆီးမှုမရှိသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို အရေးတကြီး လိုအပ်နေလျက်ရှိသည်။

[1] မြန်မာ့ငလျင်တုံ့ပြန်ရေးပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ စာရင်းအရဖြစ်သည်။

လျောင်ဒဏ်ခံရသော ဒေသများထဲတွင် စစ်ကိုင်း၊ မန္တလေး၊ မကွေးနှင့် ပဲခူး တိုင်းဒေသကြီးများ၊ ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့်တောင်ပိုင်းနှင့် နေပြည်တော် တို့ပါဝင်သည်။ ယင်းဒေသအများစုမှာ NUG၊ EROs နှင့် ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့များ၏ ထိန်းချုပ်မှုနှင့် အုပ်ချုပ်မှုအောက်တွင် ရှိသည်။ စစ်အုပ်စုသည် လျောင်ဒဏ် သင့်ထားသည့် ၎င်းထိန်းချုပ်ထားသောဒေသ၌ဖြစ်စေ၊ တော်လှန်ရေးအင်အားစုများ ထိန်းချုပ်ထားသော ဒေသ၌ဖြစ်စေ ၎င်းကိုဆန့်ကျင်တော်လှန်သည့် အစုအဖွဲ့များအား တိုက်ခိုက်ရန်နှင့် လွှမ်းမိုးအုပ်စိုးရန်အတွက် နိုင်ငံတကာအကူအညီများကို လက်နက်သဖွယ်အသုံးချရန် ကြိုးပမ်းလိမ့်မည်။ စစ်အုပ်စုလမ်းကြောင်းများ မှတစ်ဆင့် အကူအညီများ ပေးအပ်ခြင်း၏ အန္တရာယ်ရှိမှုကို မြန်မာနိုင်ငံ၏ သမိုင်းက ပြင်းထန်သော သတိများ ပေးထားပြီးဖြစ်သည်။

၂၀၀၈ ခုနှစ် ဆိုင်ကလုံးနာဂစ်ဖြစ်စဉ်တွင် ထိုစဉ်ကစစ်အာဏာရှင်သည် ၎င်းရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အတုအယောင် လူထုဆန္ဒခံယူပွဲ၏ ရလဒ်ကို ခြယ်လှယ်ရန်အလို့ငှါ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာကယ်ဆယ်ရေး ကြိုးပမ်းမှုများကို လက်နက်သဖွယ် အသုံးပြုခဲ့သည်။ နိုင်ငံအတွင်းသို့ နိုင်ငံတကာ အကူအညီများ ဝင်ရောက်ခွင့်ကို ပိတ်ပင်ထားခဲ့ပြီး အကူအညီများ အလွန်အမင်းလိုအပ်နေသည့် အသက်ရှင်ကျန်ရစ်သူများကို အကူအညီမပေးဘဲ စစ်တပ်ကရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံမဲများ ပေးမှသာလျှင် အကူအညီများကိုပေးမည်ဟု လုပ်ဆောင်ခဲ့ပြီး ၎င်း၏ထိန်းချုပ်မှုနှင့် နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်ပိုင်ခွင့်ကို အာမခံမှုရှိစေရန်အတွက် လူထုတို့၏ဆန္ဒမဲများကို အကူအညီများ နှင့် အတင်းအကျပ် အလဲအလှယ် လုပ်စေခဲ့သည်။ လိုအပ်သူများထံ အကူအညီများ ပေးပို့ရန် ကြိုးပမ်းခဲ့ကြသည့် ဒေသခံစေတနာ့ဝန်ထမ်းများနှင့် ဒီမိုကရေစီအရေးလှုပ်ရှားသူ အများအပြားကိုလည်း ထိုစဉ်စစ်အာဏာရှင်က ဖမ်းဆီးထောင်ချခဲ့သည်။ ထိုကဲ့သို့ မရှိမဖြစ်သော အခြေခံအကူအညီများကို အချိန်ကြာမြင့်စွာ စောင့်ဆိုင်းစေခဲ့ခြင်းကြောင့် အရပ်သားကို အစုအပြုံလိုက် ထိခိုက်သေဆုံးမှုများ ဖြစ်ပွားစေခဲ့သည်။ နောက်ပိုင်း မြန်မာနိုင်ငံအတွင်းသို့ အကူအညီများ ဝင်ရောက်ခွင့် ပြုလိုက်သည့် အချိန်တွင်လည်း စစ်အာဏာရှင်နှင့် ၎င်း၏အရာရှိများသည် စစ်အာဏာရှင်နှင့်ဆက်စပ်သော မဲဆန္ဒ နယ်များကို အကျိုးအမြတ်ဖြစ်စေသည့်ကိစ္စများ အပါအဝင် ၎င်းတို့၏ပုဂ္ဂိုလ်ရေးနှင့် နိုင်ငံရေး အကျိုးအမြတ် အတွက် လှည့်ပြောင်းအလွဲသုံးစားခဲ့ကြသည်။ ဤသည်မှာ နိုင်ငံရေးအာဏာ တည်ဆောက်ရန်နှင့် ပုဂ္ဂိုလ်ရေး အကျိုးအမြတ်အတွက် မြန်မာလူထုများ၏ နာကျင်ခံစားမှုများကို ရက်စက်ကြမ်းကြုတ်စွာ ခြယ်လှယ် အမြတ်ထုတ်ခဲ့သော မြန်မာစစ်တပ်၏ လုပ်ရပ်ဥပမာတစ်ခု ဖြစ်သည်။

မြန်မာစစ်တပ်၏ အကူအညီများအပေါ် အမြတ်ထုတ်မှုသည် ယနေ့အချိန်ထိ ဆက်လက်တည်ရှိနေပြီး၊ ယင်းကို မကြာသေးခင်က ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်များဖြစ်သော ၂၀၂၃ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ဆိုင်ကလုန်းမိုခါ၊ ၂၀၂၄ ခုနှစ်တွင်ဖြစ်ခဲ့သည့် တိုင်ဖုန်းယာဂီ၊ နှင့် ၎င်းတို့မှ နိုင်ငံတစ်ဝှမ်းရှိ ပြည်သူများအပေါ် ဆက်လက်ကျူးလွန်နေသည့် လူမျိုးသုဉ်းသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်ကို ဆန့်ကျင်သည့်ရာဇဝတ်မှုများအပေါ် တုံ့ပြန်သည့် ကယ်ဆယ်ရေးကြိုးပမ်းမှုများအပေါ် စစ်အုပ်စု၏ ပိတ်ဆို့မှုများနှင့် အမြတ်ထုတ်ခြယ်လှယ်မှုတို့က သက်သေအဖြစ်ရှိနေသည်။ သောကြာနေ့ ငလျင်လှုပ်ခတ် ပြီးချိန်၌ပင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ

အရေးပေါ်အခြေအနေအဖြစ် တရားဝင်မှုမရှိဘဲ ၎င်းကကြေညာ ထားသော ဒေသများထဲမှ စစ်ကိုင်းတိုင်းဒေသကြီးရှိ ချောင်းဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးရှိ ဖြူးမြို့နယ်၊ နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နောင်ချိုမြို့နယ်ရှိ အရပ်သားနေရာများကို အကြိမ်ကြိမ် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ယခုလ၏အစောပိုင်းတွင် မန္တလေးတွင်ရှိသော ဆေးရုံခုနှစ်ခုအား အာဏာဖီဆန်ရေးလူထုလှုပ်ရှားမှု၌ ပါဝင်သော ဆေးဘက်ဆိုင်ရာပညာရှင်များကို ခန့်အပ်သည်ဆိုသည့်စွပ်စွဲချက်ဖြင့် ပိတ်ပစ်ခဲ့သောကြောင့် လွန်စွာအကန့်အသတ်ရှိခဲ့သည့် ကျန်းမာရေးစောင့်ရှောက်မှုသည် ယခုအခါတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားခဲ့ပြီး ဖြစ်သည်။ နောက်ထပ်သော နောက်ခံအခြေအနေတစ်ခုမှာ စစ်အုပ်စုသည် နှစ်ရှည်လများ အင်တာနက်နှင့် ဖုန်းလိုင်းများကို ဖြတ်တောက်ထားသည့်အပြင် VPN သုံးစွဲမှုကိုလည်း ပြင်းထန်စွာ လိုက်လံပိတ်ဆို့နေသဖြင့် မြန်မာနိုင်ငံရှိ ဆိုးရွားပြင်းထန်သော ပျက်စီးဆုံးရှုံးမှုများဆိုင်ရာ သတင်းအချက်အလက်များ စီးဆင်းမှုကို ဟန့်တားနေပြီး အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး ကြိုးပမ်းမှုများကိုလည်း သိသာစွာနှောင့်နှေးစေသည်။ ဤကြီးမားကျယ်ပြန့်သည့် မြေငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ရှိနေသည့်အချိန်၌ပင်လျှင် လူ့အသက်များအပေါ် စာနာစိတ်ကင်းမဲ့သည့် ၎င်း၏လုပ်ရပ်နှင့် ယင်းထက်ပို၍ အရေးကြီးသည့်အချက်မှာ မည်သည့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုကိုမဆို ခေါင်းပုံဖြတ်အမြတ်ထုတ်လိုသည့် ၎င်း၏စိတ်ဆန္ဒက စစ်အုပ်စုသည် အကူအညီများကို ကြီးကြပ်ရန် သင့်လျော်မှု မရှိသည်ကို မီးမောင်းထိုးဖော်ပြနေသည်။

ဤအရေးကြီးသောအချိန်တွင် ယနေ့မှစတင်အသက်ဝင်မည့် ငလျင်ဒဏ်သင့်နေရာများ၌ စစ်ရေးဆိုင်ရာထိုးစစ်ဆင်မှုများ နှစ်ပတ်ရပ်ဆိုင်းထားမည်ဆိုသည့် NUG ၏ ထုတ်ပြန်ကြေညာမှုကို မိမိတို့မှ ကြိုဆိုသည်။ သို့သော်တစ်ဘက်တွင် စစ်အုပ်စုသည် ငလျင်ဒဏ်သင့်ဒေသများဖြစ်သော မကွေးတိုင်းဒေသကြီးရှိ ပေါက်မြို့နယ်၌ ယခုမနက်၌ပင် ဗုံးများဆက်လက်ကြဲချနေခဲ့သည်။ စစ်အုပ်စုဘက်မှလည်း တိုက်ခိုက်မှုများ အထူးသဖြင့် လေကြောင်းတိုက်ခိုက်မှုများကို ချက်ချင်းရပ်တန့်စေရေးနှင့်အတူ စစ်ရေးဆိုင်ရာ တိုက်ခိုက်မှုများအားလုံး ရပ်တန့်လာစေရေး သေချာစေရန် ကုလသမဂ္ဂနှင့် အာဆီယံတို့၏ ကူညီဆောင်ရွက်မှုကို မိမိတို့မှ စောင့်မျှော်နေပါသည်။

ပျက်ဆီးဆုံးရှုံးမှုများကြား၌ပင် မြန်မာနိုင်ငံတစ်ဝှမ်းရှိ ပြည်သူလူထုများက တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ရိုင်းပင်းကူညီပံ့ပိုးနေလျက်ရှိရာ ကုလသမဂ္ဂအေဂျင်စီများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အာဆီယံ၏ ပူးပေါင်းဆောင်ရွက်ရေးစင်တာ၊ အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တခြားနိုင်ငံတကာအသိုင်းအဝိုင်းတို့အနေဖြင့် မြန်မာနိုင်ငံ၏ တရားဝင် သက်ဆိုင်သူများဖြစ်ကြသော NUG နှင့် EROs အပြင် အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် တိုက်ရိုက် ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် စစ်အုပ်စုမှ အကူအညီများကို ပိတ်ပင်ခြင်း၊ ခြယ်လှယ်ခြင်း သို့မဟုတ် လက်နက်သဖွယ်အသုံးပြုခြင်းတို့ မရှိစေရေး သေချာစွာ လုပ်ဆောင်ရမည်။ အကူအညီများကို ငလျင်ဒဏ်မှ ရှင်သန်ကျန်ရစ်သူများနှင့် ထိခိုက်ခံစားရသော ပြည်သူလူထုများထံ နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ အမြန်ဆုံး ရောက်ရှိစေရန်အတွက် ထိရောက်မှုရှိသည်ဟု သက်သေသာဓကများက ဖော်ပြပြီးသော နယ်စပ်ဖြတ်ကျော် လမ်းကြောင်းများမှတစ်ဆင့် ပေးပို့ရမည် ဖြစ်သည်။ ငလျင်လှုပ်ခတ်ပြီးနောက် NUG မှ အရေးပေါ်လုပ်ငန်း

ညှိနှိုင်းရေးကော်မတီများ လျင်မြန်စွာအသက်သွင်းနိုင်ခြင်းသည် တိုင်းရင်းသားများ၊ လူထုအသိုင်းအဝိုင်းအား ဦးဆောင်သော မိတ်ဖက်များနှင့်ပူးပေါင်းကာ ကယ်ဆယ်ရေးလုပ်ငန်းများကို ဦးဆောင်ရန် ၎င်း၏အဆင်သင့်ဖြစ်မှုနှင့် စွမ်းဆောင်ရည်ကို ဖော်ပြနေသည်။ လျှော့ပေါ့ချင်မဟုတ်ဘဲ ၎င်းသည်လည်း လူထုများအတွက် မရှိမဖြစ်လိုအပ်သော အကူအညီများ ပေးနေပြီဖြစ်သော [NUG](#) နှင့် [မြန်မာ့လျင်တုံ့ပြန်ရေးပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့](#) အပါအဝင် အထူးသဖြင့် လူထုရန်ပုံငွေများမှတစ်ဆင့် လျင်မြန်ထိရောက်သော ဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်မှုများကို မိမိတို့မှ ချီးမွမ်းသည်။

နိုင်ငံတကာအသိုင်းအဝိုင်း အထူးသဖြင့် ထောက်ပံ့ရေးအေဂျင်စီများအား မိမိတို့မှ ထပ်မံသတိပေးလိုသည်မှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများသည် လူသားဆန်မှု၊ ဘက်မလိုက်မှု၊ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အမှီအခိုကင်းမှု၊ နှင့် မည်သူမျှထိခိုက်နစ်နာမှုမရှိစေရေး အခြေခံမှုများနှင့် ကိုက်ညီရမည်ဖြစ်သည်။ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာပြည်တွင်းအလုပ်အဖွဲ့သည် လုပ်ငန်းများ လုပ်ဆောင်ရာတွင် အဆိုပါအခြေခံမှုများကို အပြည့်အဝ လိုက်နာရမည်ဖြစ်ပြီး စစ်အုပ်စုနှင့် ယခင်စစ်အာဏာရှင်လက်ထက်များတွင် အကူအညီပေးရေးဆိုင်ရာ ထိတွေ့လုပ်ဆောင်မှုများနှင့် အကူအညီပေးအပ်ခြင်းများမှ ရရှိခဲ့သည့် သင်ခန်းစာများကို အမှတ်ရလုပ်ဆောင်ရန် လိုအပ်သည်။ ယခုကပ်ဘေးဆိုးအပေါ် အရေးပေါ်တုံ့ပြန်မှုများ လုပ်ဆောင်ရာတွင် မြန်မာပြည်သူလူထု၏ အသက်၊ ဘေးကင်းလုံခြုံမှုနှင့် ကိုယ်စိတ်နှစ်ပါးဘေးကင်းလုံခြုံမှုများကို တန်ဖိုးထားလုပ်ဆောင်နေကြသည့် သက်ဆိုင်ရာအဖွဲ့အစည်းများဖြစ်သော အထူးသဖြင့် NUG၊ EROs နှင့် အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဦးစားပေးသော ချဉ်းကပ်မှုအပေါ် ဗဟိုပြုရမည်ဖြစ်ပြီး အကူအညီများဖြန့်ဝေရာတွင် စစ်အုပ်စု၏ ပိတ်ဆို့မှု သို့မဟုတ် အမြတ်ထုတ်မှုများမှ အင်တိုက်အားတိုက် ဝိုင်းဝန်းကာကွယ်ပေးကြရပါမည်။ ထိုသို့လုပ်ဆောင်ရန် ပျက်ကွက်ခြင်းသည် ရှိနှင့်ပြီးသား ရှားဆိုးလှသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ပိုမိုနက်ရှိုင်းစေမည်ဖြစ်ပြီး လူသားတို့၏ အသက်များကို တက်ကြွစွာဖျက်ဆီးရန်အတွက် နာမည်ဆိုးဖြင့်ကျော်ကြားသော တရားမဝင်အဖွဲ့အစည်းဖြစ်သည့် စစ်အုပ်စုမှ နောက်ထပ်ချိုးဖောက်မှုများကို ထပ်မံကျူးလွန်စေရန် အာမခံပေးလိုက်သကဲ့သို့ ဖြစ်ပေမည်။

ကုလသမဂ္ဂ၊ အိမ်နီးချင်းနိုင်ငံများနှင့် တခြားနိုင်ငံတကာအသိုင်းအဝိုင်းတို့အနေဖြင့် သဘာဝဘေးအန္တရာယ်များ ကျရောက်သည့် အချိန်များတွင် အကူအညီများကို စစ်တပ်က ခြယ်လှယ်ခဲ့သည့် နာကျည်းဖွယ်သမိုင်းကို ပြန်လည်သတိရပြီး ဒဏ်သင့်ထားပြီး ထိခိုက်လွယ်သော ပြည်သူများကို ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရခြင်းနှင့် နောက်ထပ်ဒုက္ခခံစားရမှုများမှ ကာကွယ်ပေးရေး ပြတ်ပြတ်သားသားဆောင်ရွက်ရန် မိမိတို့မှ တိုက်တွန်းတောင်းဆိုသည်။ မြန်မာပြည်သူများသည် ၎င်းတို့အပေါ် လက်နက်သဖွယ်အသုံးချခံရသည့် အကူအညီမျိုး မဟုတ်ဘဲ ၎င်းတို့၏ ဒုက္ခခံစားရမှုများကို လျော့နည်းသက်သာစေမည့် အကူအညီများနှင့် ထိုက်တန်သောသူများဖြစ်ကြသည်။

**ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်**

- နိုင်သက်၊ မန္တလေး အရေးပေါ် စီမံခန့်ခွဲရေးကော်မတီ၊ emc.mdy2023@gmail.com
- လွမ်းသူ၊ စစ်ကိုင်းတိုင်းဒေသ သပိတ်အင်အားစု ၊ strikeforces.sgg@gmail.com
- မေ၊ ခွင့်တူမျှတအဖွဲ့ ၊ coordinator.legal@jefmyanmar.org
- ခွန်ဟိန်း၊ တိုးတက်သော မွတ်စ်လင်မ်လူငယ် အစည်းအရုံး၊ mya.muslimyouth@gmail.com
- ကြည်ငြိမ်း၊ ဗမာ့ကွီးယားအရွေ့အဖွဲ့၊ queersburma@proton.me
- ခင်ဥမ္မာ၊ ရှေ့ပြေးအသံအဖွဲ့၊ info@progressive-voice.org

ယခုသတင်းထုတ်ပြန်ကြေညာချက်ကို အမည်မဖော်ပြလိုသည့်အဖွဲ့အစည်း ၇ ဖွဲ့ အပါအဝင် အဖွဲ့အစည်းစုစုပေါင်း ၂၆၅ ဖွဲ့ တို့က လက်မှတ်ရေးထိုးထားသည်။

1. #MilkTeaAlliance Calendar Team
2. #MilkTeaAlliance Friends of Myanmar
3. 5/ of Zaya State Strike
4. 8888 Generation (New Zealand)
5. A-Yar-Taw People Strike
6. Action Committee of Basic Education Students (ACBES)
7. Ah Nah Podcast – Conversations with Myanmar
8. All Aung Myay Thar San Schools Strike Force
9. All Burma Democratic Front in New Zealand
10. All Burma Federation of Student Unions (Monywa District)
11. Alliance of Independent Journalists (AJI)
12. Alliance of Students' Union – Yangon (ASU-Yangon)
13. ALTSEAN-Burma
14. Anti-Junta Alliance Yangon-AJAY
15. Anti-junta Forces Coordination Committee (AFCC -Mandalay)
16. Arakan Rohingya National Union (ARNU)
17. ASEAN Civil Society Conference/ASEAN People's Forum Philippines Process
18. Asia Justice and Rights (AJAR)
19. Asia Pacific Solidarity Coalition (APSOC)
20. Asian Cultural Forum on Development (ACFOD)
21. Assistance Association for Political Prisoners (AAPP)
22. Association of Human Rights Defenders and Promoters (HRDP)
23. Association of Spring Rainbow (ASR)
24. Association Suisse-Birmanie
25. Athan – Freedom of Expression Activist Organization
26. Auckland Kachin Community NZ
27. Auckland Zomi Community
28. Aung San Suu Kyi Park Norway
29. Basic Education General Strike Committee (BEGSC)
30. Basic Education Worker Unions - Steering Committee (BEWU-SC)
31. Blood Money Campaign (BMC)
32. Burma Affairs and Conflict Study (BACS)
33. Burma Action Ireland

34. Burma Campaign UK (BCUK)
35. Burma Canadian Network
36. Burmese Community Group (Manawatu, NZ)
37. Burmese Rohingya Organisation UK (BROUK)
38. Burmese Rohingya Welfare Organisation New Zealand
39. Burmese Women’s Union (BWU)
40. Campaign for a New Myanmar
41. Campaign for Popular Democracy
42. CDM Medical Network (CDMMN)
43. Chanmyatharzi Township People's Strike
44. Chaung Oo Township Youth Strike Committee
45. Chin Community in Norway
46. Chin Community of Auckland
47. Chin Human Rights Organization (CHRO)
48. Chindwin (West) Villages Women Strike
49. Civil Information Network (CIN)
50. Civil Rights Defenders (CRD)
51. Civil Society Organizations Coordination Committee (Monywa)
52. Co-operative University Mandalay Students' Strike
53. Coalition Strike Committee – Dawei
54. Community Resource Centre
55. Creative Home (CH)
56. CRPH & NUG Supporters Ireland
57. CRPH Funding Ireland
58. CRPH Support Group, Norway and members organizations
59. Daung Sitthe Strike
60. Dawei (Ashaetaw) Women Strike
61. Dawei Youths Revolutionary Movement Strike Committee
62. Defend Myanmar Democracy (DMD)
63. Democracy for Ethnic Minorities Organization (DEMO)
64. Democratic Party for a New Society, Norway
65. Depayin Township Revolution Steering Committee
66. Depayin Women Strike
67. Doh Atu - Ensemble pour le Myanmar
68. Educational Initiatives Prague
69. Emergency Management Committee - Mandalay
70. Equality Myanmar (EQMM)
71. Ethnic Youth General Strike Committee (Mandalay)
72. ETOs Watch Coalition
73. Federal Myanmar Benevolence Group (NZ)
74. Former Political Prisoners and New Generation Group – Monywa
75. Free Burma Campaign (South Africa) (FBC (SA))
76. Free Rohingya Coalition (FRC)
77. Friends Against Dictatorship (FAD)
78. From Singapore to Myanmar (FS2M)
79. Gangaw Women Strike
80. Gender Equality Network (GEN)
81. General Strike Collaboration Committee (GSCC)
82. General Strike Committee of Basic and Higher Education (GSCBHE)
83. General Strike Coordination Body (GSCB)
84. Generation Wave (GW)

85. Generations' Solidarity Coalition of Nationalities (GSCN)
86. Global Myanmar Spring Revolution (GMSR)
87. Human Rights and Development Foundation (HRDF)
88. Human Rights Educators Network (HREN)
89. Human Rights Foundation of Monland (HURFOM)
90. Human Rights Working Group
91. India for Myanmar
92. Industries Strike
93. Info Birmanie
94. Initiatives for International Dialogue (IID)
95. Inter Pares
96. International Association, Myanmar-Switzerland (IAMS)
97. International Campaign for the Rohingya
98. International Network for Economic, Social and Cultural Rights (ESCR-Net)
99. International Peace Bureau
100. Italia-Birmania
101. Jubilee Campaign
102. Justice & Equality Focus (JEF)
103. Justice For Myanmar (JFM)
104. Justice Movement for Community-Innlay
105. K'cho Ethnic Association (Europe)
106. Kachin Association Norway
107. Kachin Legal Aid Group (KLAG)
108. Kachin State Civilian Movement
109. Kachin Student Union
110. Kachin Women Association Thailand (KWAT)
111. Kalay Township Strike Force
112. Kalay Women Strike
113. Karen Human Rights Group (KHRG)
114. Karen Peace Support Network (KPSN)
115. Karenni National Women's Organization (KNWO)
116. Karenni Society New Zealand Overseas Mon Association. New Zealand
117. Keng Tung Youth
118. Kontras
119. Kyae Lak Myay
120. Kyain Seikgyi Spring Revolution Leading Committee
121. Kyauktada Strike Committee (KSC)
122. La Communauté Birmane de France
123. Latpadaung Region Strike Committee
124. LGBT Alliance
125. LGBT Alliance Myanmar (Kalay Region)
126. LGBT Alliance Myanmar (Kyaukse Region)
127. LGBT Community Yangon
128. LGBT Union – Mandalay
129. Magway People's Revolution Committee
130. Magway Region Human Rights Network
131. Maharaungmyay Township People's Strike
132. Mandalar University Students' Strike
133. Mandalay Alliance Coalition Strike
134. Mandalay Medical Family (MFM)
135. Mandalay Regional Youth Association - Revolution Core Group

136. Mandalay Strike Force (MSF)
137. Mandalay Women Strike
138. Mandalay Youth Strike
139. Mandalay-based People's Strike
140. Mandalay-Based University Students' Unions (MDY_SUs)
141. MayMyo Strike Force
142. Mekong Watch
143. Milk Tea Alliance Thailand
144. Minority Affairs Institute
145. Monywa LGBT Strike
146. Monywa People's Strike Steering Committee
147. Monywa Women Strike
148. Monywa-Amyint Road Strike Leading Committee
149. Monywa-Amyint Road Women Strike
150. Movement for Alternatives and Solidarity in Southeast Asia
151. Multi-Religions Strike
152. Muslim Youth Network
153. Mya Taung Strike
154. Myanmar Accountability Project (MAP)
155. Myanmar Action Group Denmark
156. Myanmar anti-military coup movement in New Zealand
157. Myanmar Campaign Network (Australia)
158. Myanmar Catholic Community In Norway
159. Myanmar Community Group Christchurch New Zealand
160. Myanmar Community Group Dunedin New Zealand
161. Myanmar Community in Italy
162. Myanmar Community in Norway
163. Myanmar Emergency Fund - Canada
164. Myanmar Engineers - New Zealand
165. Myanmar Global Support Foundation
166. Myanmar Gonye (New Zealand)
167. Myanmar Hindu Union
168. Myanmar Institute of Information Technology Students' Strike
169. Myanmar Labor Alliance (MLA)
170. Myanmar Labour News
171. Myanmar People Alliance (Shan State)
172. Myanmar Students' Union in New Zealand
173. Myaung Youth Network
174. MyaYar Knowledge Tree
175. Myingyan Civilian Movement Committee
176. Nelson Myanmar Community Group New Zealand
177. Network for Human Rights Documentation – Burma (ND-Burma)
178. Network of University Student Unions – Monywa
179. New Myanmar Foundation (NMF)
180. New Zealand Campaign for Myanmar
181. New Zealand Doctors for NUG
182. New Zealand Karen Association
183. New Zealand Zo Community Inc.
184. NLD Organization Committee (International) Norway
185. No Business With Genocide
186. No.12 Basic Education Branch High School (Maharaungmyay) Students' Union

187. North Dagon & East Dagon News
188. Norway Matu Community
189. Norway Rvwang Community
190. Nyan Lynn Thit Analytica
191. OCTOPUS (Youth Organization)
192. Pa-O Women’s Union (PWU)
193. Pale Township People's Strike Steering Committee
194. Politics for Women Myanmar
195. Progressive Muslim Youth Association (PMYA)
196. Progressive Voice (PV)
197. Pyi Gyi Tagon Strike Force
198. Pyithu Gonye (New Zealand)
199. Queers of Burma Alternative (QBA)
200. Rainbows Talk
201. Representative Committee of University Teacher Associations (RC of UTAs)
202. Rohingya Community in Norway
203. Rohingya Maìyafuìnor Collaborative Network (RMCN)
204. Rvwang Community Association New Zealand
205. Samgha Sammaga-Mandalay
206. Save Myanmar Fundraising Group (New Zealand)
207. Save the Natural Resource (SaNaR)
208. Seinpann Strike
209. Shan Community (New Zealand)
210. Shan MATA
211. Shwe Pan Kone People`s Strike Steering Committee
212. Sisters 2 Sisters
213. Sitt Nyein Pann Foundation
214. Solidarity for People’s Education and Lifelong Learning
215. Southern Initiative
216. Southern Youth Development Organization
217. Stop the War Coalition Philippines
218. Sujata Sisters Group (NZ)
219. Support Group for Democracy in Myanmar (NL)
220. Swedish Burma Committee
221. Ta'ang Women's Organization (TWO)
222. Taze Strike Committee
223. Taze Women Strike
224. Thai Action Committee for Democracy in Burma (TACDB)
225. Thakhin Kodaw Mhine Peace Network (Monywa)
226. Thayat Chaung Women Strike
227. The 88 Generation Peace and Open Society (Monywa)
228. The Ladies Organization
229. The Mekong Butterfly
230. Think Centre, Singapore
231. Twitter Team for Revolution (TTFR)
232. U.S. Campaign for Burma
233. Union Aid Abroad - APHEDA
234. Unitarian Universalist Service Committee
235. University Students’ Unions Alumni Force
236. Volunteers in Myanmar
237. Wetlet Revolution Leading Committee

238. Wetlet Township Women Strike
239. White Coat Society Yangon (WCSY)
240. Women Advocacy Coalition – Myanmar (WAC-M)
241. Women Alliance Burma (WAB)
242. Women for Justice
243. Women Lead Resource Center (WLRC)
244. Women Peace Network (WPN)
245. Women's Organization Of Political Prisoners (WOPP)
246. Women’s Peace Network (WPN)
247. Yadanabon University Students’ Union (YDNBUSU)
248. Yangon Deaf Group
249. Yangon Women Strike
250. Yasakyo Township People`s Strike Steering Committee
251. Yinmarpin and Salingyi All Villages Strike Committee
252. Youth Empowerment
253. Youth for Democratization of Myanmar (UDM)
254. Zomi Christian Fellowship of Norway
255. Zomi Community Norway
256. စစ်ကိုင်းတိုင်းဒေသ သပိတ်အင်အားစု
257. ယိမ်းနွဲ့ပါး
258. သမိုင်းသယ်ဆောင်သူများ